# MINNESOTA လစာပြည့်ခွင့်ရက်

ဇန်နဝါရီလ 1 ရက်၊ 2026 **ခုနှစ်တွင် စတင်အကျုံးဝင်သည်**

**Minnesota လစာပြည့်ခွင့်ရက် အစီအစဉ်သည် သင့်ကိုယ်သင် စောင့်ရှောက်ရန် သို့မဟုတ် သင့်မိသားစုကို စောင့်ရှောက်ရန်အတွက် ခွင့်ယူရန် လိုအပ်သည့်အခါ ငွေပေးချေမှုများနှင့် အလုပ်အကိုင်မဆုံးရှုံးရေး အကာအကွယ်များ ပေးပါသည်။**

## မည်သည့်အရာများအတွက် လစာပြည့်ခွင့်ရက်ကို သုံးနိုင်သနည်း။

**ဆေးခွင့်-**

- ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ပြန်လည်နာလန်ထူခြင်းနှင့် ဆက်စပ်သည့် စောင့်ရှောက်မှုအပါအဝင် သင်၏ ပြင်းထန်သော ကျန်းမာရေးအခြေအနေအတွက် စောင့်ရှောက်မှုရယူရန်

**မိသားစုခွင့်-**

- ကလေးနှင့်ရင်းနှီးမှုခွင့် - ကလေးမွေးဖွားခြင်း၊ ကလေးမွေးစားခြင်း၊ မိဘမဲ့ကျောင်း နေရာချထားမှုမှတစ်ဆင့် မွေးထားသော မိသားစုဝင်အသစ်ဖြစ်သည့် ကလေးငယ်အား စောင့်ရှောက်ရန်နှင့် ရင်းနှီးမှုယူရန်
- ပြုစုစောင့်ရှောက်ခွင့် - ပြင်းထန်သော ကျန်းမာရေးအခြေအနေရှိသည့် မိသားစုဝင်တစ်ဦးအား စောင့်ရှောက်ရန်
- စစ်မှုထမ်းမိသားစုခွင့် - တမ်းပြည့်စစ်မှုထမ်းရန် ဆင့်ခေါ်ခံရသည့် မိသားစုဝင်တစ်ဦးအား ပံ့ပိုးကူညီရန်
- လုံခြုံရေးခွင့် - သင့်အတွက် သို့မဟုတ် မိသားစုဝင်တစ်ဦးအတွက် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု သို့မဟုတ် နောက်ယောင်ခံလိုက်မှုတို့နှင့် ဆက်စပ်သည့် ကိစ္စရပ်များအတွက် တုံ့ပြန်ဆောင်ရွက်ရန်

ယေဘုယျအားဖြင့် အခြေအနေများသည် ခုနစ်ရက်ထက်ပို၍ ကြာမြင့်ရမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးသူ သို့မဟုတ် အခြားကျွမ်းကျင်ပညာရှင်တစ်ဦးက ယင်းအခြေအနေကို အတည်ပြုပေးရမည်။

## ကျွန်ုပ်သည် လစာပြည့်ခွင့်ရက် အကျုံးဝင်ခံစားခွင့်ရှိပါသလား။

Minnesota ရှိ အလုပ်သမားအများစုသည် လစာပြည့်ခွင့်ရက် အကျုံးဝင်ခံစားခွင့်ရှိပါသည်။ သင့်အလုပ်ရှင်၏ လုပ်ငန်းအရွယ်အစား သို့မဟုတ် သင်အလုပ်လုပ်သည့် အချိန်နာရီ သို့မဟုတ် ရက်ပေါင်းမည်မျှပင်ရှိစေကာမူ သင်အကျုံးဝင်ခံစားခွင့်ရှိသည်။ သီးခြားလွတ်လပ်သော ကန်ထရိုက်တာများနှင့် ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများသည အလိုအလျောက် အကျုံးဝင်ခံစားခွင့်မရှိသော်လည်း ပါဝင်ရန် ရွေးချယ်နိုင်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း Minnesota တွင် အလုပ်လုပ်ကိုင်ခြင်းမှ အနိမ့်ဆုံးသတ်မှတ်လုပ်အားခကို ရရှိထားပါက ငွေပေးချေမှုများ ခံစားခွင့်ရှိနိုင်ပါသည် (2026 ခုနှစ်၌ လစာပြည့်ခွင့်ရက် စတင်ချိန်တွင် ခံစားခွင့်ရရှိရန် $3,900 လုပ်အားခရရှိထားရမည်)။

## မည်မျှကြာကြာ ခွင့်ယူနိုင်သလဲ။

အကျိုးခံစားခွင့်နှစ် တစ်နှစ်လျှင် မိသားစုခွင့် သို့မဟုတ် ဆေးခွင့် 12 ပတ်အထိ ခံစားခွင့်ရှိနိုင်ပါသည်။ အကျိုးခံစားခွင့်နှစ် တစ်နှစ်တည်းတွင် မိသားစုခွင့်နှင့် ဆေးခွင့် နှစ်မျိုးလုံး လိုအပ်ပါက စုစုပေါင်း 20 ပတ်အထိ ခံစားခွင့်ရှိနိုင်ပါသည်။

## လစာမည်မျှရရှိမည်နည်း။

လစာပြည့်ခွင့်ရက်ကို အသုံးပြုသည့်အခါ ပြည်နယ်က သင့်အား ငွေပေးချေပေါသည်။ လစာပြည့်ခွင့်ရက်သည် သင်၏ဝင်ငွေအဆင့်ပေါ်မူတည်၍ သင့်လုပ်အားခ၏ 90% အထိ ပေးချေမည်ဖြစ်ပြီး အများဆုံးအပတ်စဉ်ငွေပေမာဏကို ပြည်နယ်၏ ပျမ်းမျှအပတ်စဉ်လုပ်အားခအဖြစ် သတ်မှတ်ထားပါသည်။ ဤပမာဏသည် နှစ်စဉ်ပြောင်းလဲနိုင်ပြီး 2026 ခုနှစ်၌ လစာပြည့်ခွင့်ရက် စတင်ချိန်တွင် $1,423 ဖြစ်ပါသည်။

## လစာပြည့်ခွင့်ရက်အတွက် မည်သူက ငွေပေးချေသလဲ။

ဝန်ထမ်းနှင့် အလုပ်ရှင်များမှ ပေးချေသည့် ပရီမီယံကြေးများဖြင့် လစာပြည့်ခွင့်ရက်ကို ရန်ပုံငွေထောက်ပံ့ထားသည်။ ကနဦး ပရီမီယံကြေးနှုန်းထားမှာ အကျုံးဝင်ခံစားခွင့်ရှိသော လုပ်အားခ၏ 0.88% ဖြစ်ပါသည်။ သင့်အလုပ်ရှင်သည် သင့်ပရီမီယံကြေးဝစေကို ထောက်ပံ့ပေးနိုင်ရန်အတွက် သင့်လုပ်အားခ၏ 0.44% အထိ နုတ်ယူနိုင်ပါသည်။

## ကျွန်ုပ်၏ အလုပ်အကိုင် အကာအကွယ်များက ဘာတွေလဲ။

- အလုပ်အကိုင်မဆုံးရှုံးရေး အကာအကွယ်များ- ယေဘုယျအားဖြင့် ခွင့်ရက်ပြည့်ပြီး အလုပ်ပြန်ဝင်ချိန်တွင် သင့်ကို မူလအလုပ်နေရာတွင် သို့မဟုတ် တူညီသောရာထူးတွင် ပြန်ထားပေးရမည်။ အလုပ်အကိုင်မဆုံးရှုံးရေး အကာအကွယ်များသည် သင်အလုပ်စဝင်သည့်ရက်ပြီးနောက် ရက်ပေါင်း 90 အကြာတွင် အကျုံးဝင်ပါသည်။
- ကျန်းမာရေးအာမခံ ဆက်လက်ထောက်ပံ့ခြင်း- ယေဘုယျအားဖြင့် သင်ခွင့်ယူနေစဉ်ကာလအတွင်း အလုပ်ရှင်များက ၎င်းတို့ပေးရမည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာမခံ ပရီမီယံကြေးဝစေကို ဆက်လက်ထောက်ပံ့ပေးရပါမည်။
- လက်တုံ့ပြန်ခြင်း သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်း မပြုရပါ- သင့်အနေဖြင့် လစာပြည့်ခွင့်ရက် လျှောက်ထားပါက သို့မဟုတ် အသုံးပြုပါက အလုပ်ရှင်က သင့်ကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်း မပြုလုပ်ရပါ။ သင့်လစာပြည့်ခွင့်ရက်အတွက် ငွေပေးချေမှုများကို အလုပ်ရှင်များက မရယူနိုင်ပါ။

လစာပြည့်ခွင့်ရက်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက Minnesota လစာပြည့်ခွင့်ရက်အစီအစဉ်၏ ဖုန်းနံပါတ် 651-556-7777 သို့ ဆက်သွယ်ပါ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ကြည့်ပါ။

သင့်အလုပ်ရှင်က အလုပ်အကိုင်အကာအကွယ်များကို ချိုးဖောက်နေသည်ဟု သင်ယူဆပါက Minnesota အလုပ်သမားနှင့် စက်မှုလုပ်ငန်းဌာန (Department of Labor and Industry) ရှိ အလုပ်သမားစံချိန်စံညွှန်းဌာနခွဲ (Labor Standards Division) သို့ ဆက်သွယ်ပါ။

**ပိုမိုလေ့လာရန်-** paidleave.mn.gov

လစာပြည့်ခွင့်ရက်ကိစ္စ ဆက်သွယ်ရေးစင်တာ၏ ဖုန်းနံပါတ် 651-556-7777 သို့မဟုတ် 844-556-0444 (ခေါ်ဆိုခ အခမဲ့) ကို ခေါ်ဆိုပါက မသန်စွမ်းသူများ သို့မဟုတ် ဘာသာစကားအကူအညီလိုအပ်သူများအတွက် အခြေပုံစံများဖြင့် ဤအချက်အလက်များကို ပံ့ပိုးပေးနိုင်ပါသည်။

MINNESOTA PAID LEAVE

Minnesota Paid Leave | 180 E 5th St Suite 1200 | Saint Paul, MN 55101

12/2025